# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

February 7 , 2024 Volume 75, Number 5

၇.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၀၃၅ US$ |
| မြန်မာ့ရွှေစျေး | = ၃၈၄၅၀၀၀ ကျပ် |
| ဒေါ်လာစျေး | = ၃၅၁၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၁.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အိန္ဒိယသို့ မြန်မာ့ထောပတ်သီး တန် ၁၀၀၀ ကျော် မပို့ဖြစ်



ယခုနှစ်မှာ အိန္ဒိယစျေးကွက်ထံ မြန်မာ့ထောပတ်သီး တန်ချိန် ၁၀၀၀ ကျော် တင်ပို့နိုင်ခြင်းမရှိတော့ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) ကနေ သိရပါတယ်။

ကျပ်ငွေတန်ဖိုး မတည်ငြိမ်မှုနဲ့ မူဝါဒပိုင်း အပြောင်းအလဲတွေ များနေတာကြောင့် မတင်ပို့နိုင်တော့တာလို့ အသင်းတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ကမ်းလှမ်းမှုတွေကိုတော့ အများကြီးလက်ခံရရှိခဲ့တယ်။ သို့သော် ငွေကြေးမငြိမ်မှုရယ်၊ မူဝါဒအပြောင်းအလဲတွေများတဲ့အတွက် တောင်သူတွေကို စည်းရုံးတဲ့နေရာမှာပို့ဖို့ရာ အခက်အခဲအများကြီးရှိပါတယ်။

လက်ရှိမှာ ထိုင်းနိုင်ငံ တစ်ခုတည်းကိုပဲ မြန်မာ့ထောပတ်သီးကို အားပြုတင်ပို့နေပြီး အသီးစုံ တန်ချိန် ၂၅၀၀ အထိ တင်ပို့ထားပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တယ်။ သွားရလွယ်ကူတယ်။ ငွေကြေးပြောင်းလဲနှုန်းကိုလည်း ချိန်ဆနိုင်တဲ့အတွက်ကြောင့် လက်ရှိမှာ ထိုင်းကို အားပြုပြီးသွားနေတယ်လို့ တာဝန်ရှိသူက ရှင်းပြထားပါတယ်။

တစ်ဖက်မှာလည်း အသီးအရည်အသွေးက ၂၀၂၃ ခုနှစ်မှာ အဆိုးရွားဆုံးဖြစ်ခဲ့ပြီး မိုးရွာသွန်းမှုများခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လောင်စာဆီစျေးနှုန်းမြင့်တက်ခြင်း၊ သွင်းအားစုစျေးနှုန်း ကြီးမြင့်ခြင်းတွေကြောင့်လို့ မှတ်ချက်ပြုပါတယ်။

ဒါတွေကြောင့်ပဲ ထောပတ်သီးစျေးက ထက်ဝက်ခန့် ကျဆင်းသွားခဲ့ပြီး ပြီးခဲ့တဲ့နှစ်က ပရီမီယံသီး တစ်ကီလိုကို ကျပ် ၈၀၀၀ အထိ အမြင့်ဆုံးရရှိခဲ့ပေမဲ့ ယခုနှစ်မှာတော့ အကြောင်းအမျိုးမျိုးကြောင့် တစ်ကီလိုစျေး ၃၅၀၀–၄၀၀၀ ကျပ်သာ ရရှိနေပါတယ်။

Source: BETV Business

## ဆန်ကို တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်ပြီး ပြည်ပတင်ပို့သွားမယ်




ပြည်ပကို ဆန်တန်ချိန်တင်ပို့မှုအပြင် ဆန်ကိုတန်ဖိုးမြှင့်ထုတ်လုပ်ပြီး ဆန်တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ်ထုတ်ကာ ပြောင်းလဲတင်ပို့သွားနိုင်ဖို့ စီစဉ်နေတယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် MRFမှ သိရပါတယ်။

ဆန်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ပြီး တင်ပို့တဲ့အခါ ဆန်မှုန့် ၊ ဆန်ခေါက်ဆွဲအပါအဝင် ဆန်ကနေထုတ်လုပ်နိုင်မဲ့ တန်ဖိုးမြှင့် ပစ္စည်းတွေကို တင်ပို့သွားမှာ ဖြစ်တယ်လို့သိရပါတယ်။

"ကျွန်တော်တို့အနေနဲ့ သမားရိုးကျ ဆန်တိုးမြှင့်တင်ပို့နေတာထက် တန်ဖိုးမြှင့်ထုတ်ကုန်ပါ တင်ပို့ဖို့ရှိတယ်။ ဆန်မှုန့်တွေ ၊ ဆန်ခေါက်ဆွဲတွေ ပြုလုပ်တင်ပို့သွားဖို့ရှိပါတယ်၊ ဆန်တင်ပို့မှုကိုတော့ ဆန်ကွဲနဲ့ ပေါင်းဆန်ကို ဆက်လက် ဦးစားပေးတင်ပို့သွားမယ် ။ ဆန်ဖြူဆိုလည်း သူ့ပမာဏ အကန့်အသတ်နဲ့ပဲသွားမယ်" လို့ MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပါတယ်။

အဆိုပါ ဆန်တန်ဖိုးမြှင့် ထုတ်ကုန်တွေကို ပြည်ပတင်ပို့မှုအဖြစ် လာမဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ စတင် တင်ပို့နိုင်ရေး လုပ်ဆောင်နေတာဖြစ်ပါတယ်။

ဆန်၊ ဆန်ကွဲတင်ပို့မှုကို ပမာဏတိုးမြှင့်တင်ပို့ခြင်းအစား ဆန်ကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့ခြင်းက ပြည်တွင်းမှာ ဆန်စားသုံးမှုအတွက် ဖူလုံစေနိုင်တဲ့အပြင် နိုင်ငံခြားငွေရရှိမှုလည်း တိုးလာနိုင်တာကြောင့် တန်ဖိုးမြှင့် ထုတ်ကုန် တင်ပို့ရန် စီစဉ်ခြင်းဖြစ်တယ်လို့သိရပါတယ်။

လက်ရှိ ပြည်တွင်းမှာတော့ ဆန်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ပြီး ဈေးကွက်အတွင်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေတဲ့ပစ္စည်းတွေက ဆန်မှုန့်၊ ဆန်ခေါက်ဆွဲ ၊လူသုံးကုန်ပစ္စည်း အချို့တို့ရှိနေတယ်လို့သိရပါတယ်။

ဆန်မှုန့်ကိုအသုံးပြုပြီး အစားအစာအဖြစ် အဓိကလုပ်ကိုင်ကြတာဖြစ်ပါတယ်။ ဆန်ကိုသာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ပါက ပြည်တွင်းမှာလည်း အလုပ်အကိုင်အခွင့်အလမ်း ပိုလာနိုင်မှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ပြည်ပကို ဆန်နဲ့ဆန်ကွဲတင်ပို့မှုသာရှိပြီး အခု ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဇန်နဝါရီလအထိ ဆန်၊ ဆန်ကွဲ တန်ချိန် ၁၁ သိန်းကျော်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၅၇၄ သန်း ရရှိထားတယ်လို့သိရပါတယ်။

**Source: AMIA**

https://t.me/htwettoe

## စတော်ဘယ်ရီ ဈေးနှုန်းဈေးကွက်

စတော်ဘယ်ရီသီးနှံသည် ပြင်ဦးလွင်ရဲ့ဂုဏ်ပုဒ်ကိုဖော်ဆောင်တဲ့ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သည်။ စတင်ထွက်ပေါ်ချိန်မှ သီးနှံရိတ်သိမ်းပြီးချိန်အထိ ပြင်ဦးလွင်မှတစ်ဆင့် တိုင်းဒေသမြို့ကြီးများသို့ တင်ပို့ရောင်းချကြလို့ စတော်ဘယ်ရီစိုက် တောင်သူများနှင့် ကုန်သည်၊ ပွဲစားများအတွက် ဝင်ငွေကောင်းသော သီးနှံတစ်မျိုးဖြစ်ပြီး နှစ်စဉ်ပြင်ဦးလွင်မြို့ရဲ့ အဓိကထားပြီး စိုက်ပျိုးကြတဲ့ သီးနှံတစ်မျိုးဖြစ်သည်။

ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီသီးနှံစိုက်ဧက(၂၃၅)ဧက စိုက်ပျိုးပြီး (၁)ဧကအထွက်နှုန်းအနေဖြင့် (၉၆၈ ဒသမ ၁၉) ပိဿာထွက်ရှိပြီး (၁)ဧက ကုန်ကျစရိတ်အနေဖြင့် (၄၅)သိန်း ကုန်ကျကြောင်း၊ စတော်ဘယ်ရီသီးနှံကို စက်တင်ဘာ၊ အောက်တိုဘာလများတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီမှမေလအထိ ခူးဆွတ်ရိတ်သိမ်းရကြောင်း ။ ယခုနှစ် ဇန်နဝါရီလအတွင်း စတင်ထွက်ပေါ်သော စတော်ဘယ်ရီ(ထိုင်ဝမ်+ဂျပန်) အကြွပ်သီးဈေးနှုန်း အဖွင့်ဈေးနှုန်းအနေဖြင့် (၁)ပိဿာလျှင် (၁၀,၀၀၀) ကျပ်နှင့်စတင်ပြီး ယခင်နှစ် စတော်ဘယ်ရီ (၁)ပိဿာလျှင်(၉၀၀၀)ကျပ်ဈေးနှုန်းဖြစ်၍ (၁၀၀၀) ကျပ် ပိုမိုဈေးနှုန်းရရှိကြောင်း၊ (ထိုင်ဝမ်အချိုသီး) ယခင်နှစ်တွင်(၁၂,၀၀၀) ကျပ်ရှိပြီး ယခုနှစ်တွင် (၁၃,၀၀၀)ကျပ် ဈေးနှုန်းရှိကြောင်း၊ ဒေသသီးနှင့်

အခြားမျိုးများထွက်ပေါ်မှုမရှိသေး၍ ဈေးနှုန်းဈေးကွက်ဖွင့်လှစ်မှုမရှိသေးကြောင်း၊ စတော်ဘယ်ရီထွက်ပေါ်ချိန် (၅)လတာကာလအတွင်း သီးနှံလှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းတတ်ပြီး ယခင်နှစ်ဈေးနှုန်းအနေဖြင့်(၁)ပိဿာလျှင် (၈၀၀၀-၇၀၀၀-၅၅၀၀)ကျပ်အထိ ကျဆင်းခဲ့ကြောင်း၊ ဝယ်လိုအားထက် ရောင်းလိုအားများသောကြောင့် သီးနှံလှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း တောင်သူ၊ ကုန်သည်များထံမှ သိရသည်။

ဈေးကွက်အနေဖြင့် ပြည်ပတင်ပို့နိုင်မှုမရှိသေးသော်လည်း ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးလျက်ရှိပြီး အသီးအစိမ်းအနေဖြင့်သော်လည်းကောင်း၊ (ယိုစုံ၊ Jum၊ ဝိုင်) စားသောက်ကုန်များထုတ်လုပ်၍ ပြည်တွင်းရှိ တိုင်းဒေသကြီးများ၊ ပြည်နယ်၊ မြို့များသို့တင်ပို့ရောင်းချကြလျက်ရှိကြောင်း သိရသည်။

**DOCA(မန္တလေး)**

**Source: https://www.doca.gov.mm**

## Brand Showroom ဖွင့်လှစ်သည့် ကုမ္ပဏီကိုသာ EV တင်သွင်းခွင့်ပြုမည်

ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး Brand Showroom ဖွင့်လှစ်ပြီး သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ ကုမ္ပဏီတွေကိုပဲ သွင်းကုန်လိုင်စင် (EV တင်သွင်းခွင့်) ထုတ်ပေးသွားမယ်လို့ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကနေ ထုတ်ပြန်လာပါတယ်။

လက်ရှိမှာ ဦးဆောင်ကော်မတီအနေနဲ့ ကုမ္ပဏီ ၈၃ ခုကို လျှပ်စစ်သုံးယာဉ်နဲ့ဆက်စပ်လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် တာဝန်ပေးထားပါတယ်။

အဲဒီအထဲမှာ အားသွင်းရုံသီးသန့်ဆောင်ရွက်တဲ့ ကုမ္ပဏီ ၂ ခုနဲ့ လျှပ်စစ်ဘတ်စကား ပြေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်မဲ့ကုမ္ပဏီ ၂ ခုတို့ ပါဝင်နေပါတယ်။

လျှပ်စစ်သုံးယာဉ် (EV) အစပျိုးစမ်းသပ်ကာလ (Pilot Project) ကာလအဖြစ် လုပ်ဆောင်နေတာ အခုဆိုရင် တစ်နှစ်ကျော်သက်တမ်းရှိလာပြီးဖြစ်ပေမဲ့ မူလရည်မှန်းထားတဲ့ တစ်နှစ်ကို EV ကားအစီးရေ ၃၀၀၀၀ တင်သွင်းဖို့ကိုတော့ ပြည့်မီတာမရှိသေးပါဘူး။

အခုအခါ EV တင်သွင်းခွင့်ရတဲ့ ကုမ္ပဏီ ၈၀ ကျော်ရှိလာပြီဖြစ်လို့ EV ယာဉ်အစီးရေ ပိုတင်သွင်းနိုင်မှာဖြစ်တယ်လို့ကားဝယ်ရောင်းတချို့ကို ကိုးကားပြီး Cars DB က ဖော်ပြပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်လုံး EV ကားအစီးရေ ၁၈၀၀ ကျော်တင်သွင်းထားပြီး ဇန်နဝါရီလတစ်လတည်းမှာပဲ EV မော်တော်ယာဉ်အစီးရေ ၃၀၀ ကျော် တင်သွားထားတာကြောင့် အစီးရေ ၂၁၀၀ ကျော် ပြည်တွင်းဈေးကွက်ထဲ ဝင်ရောက်လာတာဖြစ်ပါတယ်။

မှတ်ပုံတင်ခွင့်ပြုထားတဲ့ EV မော်တော်ယာဉ်တွေထဲမှာ ကုန်တင်(ဝန်ပေါ့) EV မော်တော်ယာဉ်တွေလည်း ပါဝင်လာတယ်လို့အကောက်ခွန်ဦးစီးဌာနရဲ့စာရင်းတွေမှာ ဖော်ပြထားပါတယ်။

လက်ရှိ EV ကားဈေးကွက်ကို လူစိတ်ဝင်စားမှုရှိနေပြီး EV ကားဈေးနှုန်းတွေဟာဆိုရင်လည်း အမျိုးအစားပေါ်မူတည်ကာကျပ်သိန်း ၈၀၀ ကျော်ကနေ ကျပ်သိန်း ၂၀၀၀ ဝန်းကျင်အထိ ပေါက်ဈေးရှိနေပါတယ်။

**Source: BETV Business**

## ၂၀၂၃-၂၀၂၄ ခုနှစ်၌ တရုတ်နိုင်ငံ၏ ပြောင်းသီးနှံထုတ်လုပ်မှု မြင့်မားဖွယ်ရှိ

တရုတ်နိုင်ငံတွင် စိုက်ပျိုးဧရိယာ ပိုမိုများပြားပြီး မိုးရွာသွန်းမှုပိုမိုများပြားလာခြင်းကြောင့် ၂၀၂၃-၂၄ ကာလအတွက်ပြောင်းထုတ်လုပ်မှုတန်ချိန် ၂၈၈ ဒသမ ၈ သန်းထွက်ရှိနိုင်ပြီး ၄ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးတက်ဖွယ်ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဦးစီးဌာန၏ နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှုအဖွဲ့ (FAS) ၏ အစီရင်ခံစာအရ သိရသည်။

တိရစ္ဆာန်အစာအပါအဝင် ပြောင်းလက်ကျန်အရေအတွက် တန်ချိန် ၂၂၃ သန်းခန့်ရှိနိုင်ကြောင်း၊ ပြည်တွင်းပြောင်း ဈေးနှုန်းနှင့် ပြည်ပမှတင်သွင်းသော ပြောင်းဈေးနှုန်းများ ကျဆင်းလာသည့်အတွက် တိရစ္ဆာန်အစာကြိတ်စက်များသည် ပြည်တွင်းရောင်းလိုအား ပိုမိုများပြားသည့် ပြောင်းနှင့် ပိုမိုရောနှောနိုင်လာဖွယ်ရှိကြောင်း FAS အဖွဲ့မှ ပြောသည်။

ပြောင်းအခြေခံထုတ်ကုန် အီသနောထုတ်လုပ်ခြင်းမှ အကျိုးအမြတ်များပြားလာသဖြင့် စက်မှုလုပ်ငန်းသုံး ပြောင်းဖယ်လို အားမှာ ယခင်ခန့်မှန်းချက်ထက် တန်ချိန် ၁ သန်းခန့် မြင့်တက်လာနိုင်ကြောင်းနှင့် ပြောင်းဖူးကစီဓာတ်ထုတ် စက်ရုံများသည် ၂၀၂၃ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် ပျမ်းမျှ ၅၈ ရာခိုင်နှုန်းခန့် စက်ရုံလုပ်ငန်း လည်ပတ်နိုင်ခဲ့ပြီး တတိယသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ကာလအတွင်း စားသောက်ကုန်လုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းသုံး အီသနောစက်ရုံများ၏ စက်ရုံ လည်ပတ်စွမ်းအားသည် ယခင် ၂ နှစ်တာကာလနှင့်နှိုင်းယှဉ်ပါက လည်ပတ်စွမ်းအား ပိုမိုနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဆက်လက် ပြောကြားသည်။ ပြောင်းတင်သွင်းမှုမှာ ယခင်ခန့်မှန်းထားသည့် ပမာဏမှ တန်ချိန် ၃ သန်း လျှော့ချလျက် တန်ချိန် သန်း ၂၀ ခန့်သာရှိမည်ဟု ခန့်မှန်းရကြောင်း၊ ဈေးနှုန်းများကျဆင်းနေခြင်းကြောင့် ဝင်ငွေကျဆင်းမှု မဖြစ်ပေါ်စေရန် ပြောင်းတင်သွင်းမှုကို ရပ်ဆိုင်းပေးရေး တောင်သူလယ်သမားများက တောင်းဆိုကြကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ကာလတွင် တရုတ်နိုင်ငံ၏ ဂျုံထွက်ရှိမှုတန်ချိန် ၁၃၆ ဒသမ ၆ သန်းရှိနိုင်ပြီး ရိတ်သိမ်းချိန်မတိုင်မီ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဓိကစိုက်ပျိုးသောဒေသများတွင် ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ ယခင်နှစ်ထက် တန်ချိန် ၁ ဒသမ ၁ သန်း ရာခိုင်နှုန်းအားဖြင့် ဝ ဒသမ ၈ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ ဂျုံစိုက်ပျိုးဧက ဝ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးတက်လာ သော်လည်း အထွက်နှုန်း ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ဂျုံတင်သွင်းမှုတန်ချိန် ၁၂ ဒသမ ၅ သန်းခန့် ရှိနိုင်မည်ဟု ခန့်မှန်းထားရှိပြီး ၂၀၂၃ ခုနှစ် စတုတ္ထသုံးလပတ်တွင် တင်သွင်းမှုပမာဏ စံချိန်တင်မြင့်တက်ခဲ့ရာ စုစုပေါင်း တန်ချိန် ၇ သန်းခန့်ရှိပြီး သြစတြေးလျ၊ ကနေဒါတို့မှ တန်ချိန် ၂ သန်းနှင့် အမေရိကန်မှ တန်ချိန် ၉၀,၀၀၀ ခန့် ပါဝင်ခဲ့ကြောင်း FAS မှ ဆက်လက်ပြောကြားသည်။

**Source: World-Grain.com, 26 Jan 2024**

**Source: https://www.doca.gov.mm**

## အမေရိကန်နိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍသည် မျှော်မှန်းသည်ထက် တိုးတက်လာခဲ့

အမေရိကန်နိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍသည် မျှော်မှန်းထားသည်ထက် တိုးတက်လာခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်းတွင် ၅-၂-၂၀၂၄ ရက်နေ့၌ “U.S. Service Activity Expands More Than Expected, Says ISM” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဝန်ဆောင်မှုကဏ္ဍသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် မျှော်မှန်းထားသည်ထက် အရှိန်ဖြင့် တိုးတက်လာခဲ့ ကြောင်း၊ အလုပ်သမားခန့်ထားမှုမှာ တိုးလာခဲ့ပြီး အလုပ်သမား လိုအပ်ချက်လည်း ထပ်မံမြင့်တက်လာခဲ့ကြောင်း၊ Institute for Supply Management က ထုတ်ပြန်သည့် ဝန်ဆောင်မှုလုပ်ငန်း အညွှန်းကိန်းသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် (၅၀ ဒသမ ၅) ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် (၅၃ ဒသမ ၄) အထိ တိုးလာခဲ့ကြောင်း၊ ဤအညွှန်းကိန်းတိုးနှုန်းသည် စီးပွားရေး ပညာရှင်များက ခန့်မှန်းချက်ပမာဏထက် (၁ ဒသမ ၄) အထိ တိုးလာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် Institute for Supply Management ၏ အလုပ်ခန့်ထားမှုညွှန်းကိန်းသည်လည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် (၄၃ ဒသမ ၈) ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် (၅၀ ဒသမ ၅) သို့ မြင့်တက်သွားခဲ့ကြောင်း၊ Institute for Supply Management ၏ စီးပွားရေးသုတေသန ကော်မတီဥက္ကဋ္ဌက ၎င်းတို့၏စစ်တမ်းကို ဖြေဆိုသူများအနေဖြင့် စီးပွားရေးလုပ်ငန်းများသည် တည်ငြိမ်မှုရှိသည်ဟု ဖြေဆိုခဲ့ကြ ပါကြောင်း၊ အတိုးနှုန်းလျှော့ချခြင်းကြောင့် စီးပွားရေးအပေါ်သက်ရောက်မှုများကိုလည်း အပြုသဘောရှုမြင်ကြသည်ကို တွေ့မြင်ရသော်လည်း ငွေကြေးဖောင်းပွမှုကြောင့် ဖြစ်ပေါ်လာမည့် ဈေးနှုန်းမြင့်တက်မှုနှင့် ပထဝီနိုင်ငံရေးပဋိပက္ခများ ဖြစ်လာမည်ကို စိုးရိမ်မှုရှိကြကြောင်း၊ ငွေကြေးဖောင်းပွမှုများကြောင့် ဈေးနှုန်းများ၏အညွှန်းကိန်းသည် မြင့်တက်လာခဲ့ပြီး ဤသို့မြင့်တက်ခြင်းသည် အမေရိကန်ဗဟိုဘဏ်၏ မူဝါဒချမှတ်သူများကို စိုးရိမ်မှုဖြစ်စေကြောင်း၊ Institute for Supply Management ၏လေ့လာမှုအရ ကျန်းမာရေးစောင့်ရှောက်မှုနှင့်စိုက်ပျိုးရေးကဏ္ဍများသည် တိုးတက်မှုအမြင့်ဆုံးဖြစ်ပါ ကြောင်း၊ သို့ရာတွင် ဆိုလာနှင့်လေအားလျှပ်စစ်၊ သဘော်တည်ဆောက်မှုနှင့် လျှပ်စစ်မော်တော်ယာဉ် စသည့်ကဏ္ဍများမှာ တိုးတက်မှုနှေးကွေးသည်ဟု ဖြေဆိုသူများရှိသလို စီးပွားရေးတစ်ရပ်လုံးကို ခြုံငုံကြည့်ပါက စီးပွားရေးကျဆင်းနိုင်သည့်

ခြိမ်းခြောက်မှုများကိုမတွေ့ရဟု ဖြေဆိုသူများရှိကြောင်း တွေ့ရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်သည့် လေ့လာမှုများကို အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းသုတေသန အဖွဲ့အစည်းများကလည်း လေ့လာလျက်ရှိကြရာ အမေရိကန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ တိုးတက်လျက်ရှိကြောင်း၊ စီးပွားရေးကျဆင်းမှုအန္တရာယ်မရှိနိုင်ကြောင်း သုတေသနတွေ့ရှိချက်များအရ သိရသည်။

**Source: (စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)**

## STOCK EXCHANGE (7.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 2,178 (Shares) | 6,234,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| FMI | 00001 | 8,700 | +0 | +0.00% | 8,600 | 8,700 | 8,600 | 130 | 1,121,000 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,950 | 2,850 | 1,287 | 3,724,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 22 | 173,800 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 437 | 658,350 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 243 | 449,800 | 19,977,223 | 37,957 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 1 | 4,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 58 | 101,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 7th Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| MYANPIX | 366.43 | +0.00 | +0.00% | 365.90 | 366.93 | 362.33 | 2,178 | 6,234,050 | 8 | 691,160 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 7th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 2,178 (Shares) | 6,234,050 (MMK) |

### Main Board

As of 1:00 pm, 7th Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,178 (Shares) | 6,234,050 (MMK) |

| MYANPIX | 366.43 ▲ 0.00 |
|---|---|
| Total Volume (shares) | 2,178 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 691,160 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR